# ( ၁၀ ) ကြိမ်မြောက်နိုင်ငံတကာအထက်တန်းကျောင်းသားဓာတ်ပုံဖလှယ်ပွဲ

## (HIGASHIKAWA Youth Fest.)

【Organizer】International High School Students’ Photo Festival Exchange Executive Committee

<Affiliated Groups>

Higashikawa Town / Higashikawa Tourism Association / Higashikawa Chamber of Commerce and Industry/ Higashikawa Board of Education / Higashikawa Training College of International Culture and Welfare / Higashikawa Development Corporation Inc. / Kitanomegumi Inc. / Toko Hire Co., Ltd

【Official Support】Ministry of Foreign Affairs of Japan / Council of Local Authorities for International Relations / THE MINKYOKYO / Embassy of the Republic of Korea in Sapporo / Royal Thai Embassy in Japan / Embassy of the Socialist Republic of Vietnam in Japan / Embassy of the Republic of Uzbekistan in Japan / Embassy of the Republic of Indonesia in Japan / / Embassy of Canada in Japan / Embassy of Latvia in Japan / Embassy of Republic of Singapore in Tokyo / U.S. Consulate General Sapporo / Embassy of the Republic of the Union of Myanmar, Tokyo / Embassy of Finland, Tokyo / Embassy of Mongolia in Japan / Consulate of Russia in Sapporo, Japan / Embassy of the Grand-Duchy of Luxembourg in Tokyo / Embassy of the Republic of Colombia in Japan / Embassy of Ireland, Japan / Sapporo Branch, Taipei Economic and Cultural Representative Office in Japan / Hokkaido Government / Hokkaido Board of Education / All Japan Senior High School Cultural Federation / Hokkaido Senior High School Cultural Federation / Canon Marketing Japan Inc. / Western Digital Corporation / EIZO Corporation

【Sponsorships】Kinki Nippon Tourist Co., Ltd. Asahikawa Office, The Dai-ichi Life Insurance Company, Limited

東川オフィシャルパートナー
partnership

【နိုင်ငံတကာအထက်တန်းကျောင်းသားဓာတ်ပုံဖလှယ်ပွဲဖြစ်မြောက်ရေးကော်မတီ】

〒071-1426, 1-1-2, Kita-machi, Higashikawa-cho, Kamikawa-gun, Hokkaido, Japan TEL:0166-82-2111 FAX:0166-82-5111 HP https://higashikawa-youth-fest.jp

## ဟော့ကိုင်းဒိုး ဓာတ်ပုံမြို့တော် ဟီဂါရှီခါဝါမြို့သည်



ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုး၏အလယ်၌တည်ရှိသော ဟီဂါရှီခါဝါမြို့သည့် ၁၉၈၅ခုနှစ် ဇွန်လမှစ၍ နိုင်ငံတကာဆက်ဆံရေးနှင့်ဓာတ်ပုံယဉ်ကျေးမှုမှတဆင့် သဘာဝနှင့်ယဉ်ကျေးမှုက လိုက်လျောညီထွေဖြစ်ပြီး ပြည့်စုံသောမြို့တည်ထောင်ရေးကိုဦးတည်၍ ကမ္ဘာပေါ်၌ တစ်ခုတည်းသော ဓာတ်ပုံမြို့တော်ဟု ကြေညာလိုက်သည်။

## နိုင်ငံတကာအထက်တန်းကျောင်းသားဓာတ်ပုံဖလှယ်ပွဲသည်

ဓာတ်ပုံယဉ်ကျေးမှုမြို့တော်ဖြစ်သောဟီဂါရှီခါဝါမြို့သည် ဓာတ်ပုံယဉ်ကျေးမှုကိုအခြေပြု၍ သဘာဝနှင့်လိုက်လျောညီထွေရှိပြီး ပိုမိုကောင်းမွန်သောလူနေမှုအဆင့်အတန်းရှိသောမြို့ဖြစ်ရန် အစဉ်ကြိုးပမ်းလျက်ရှိပြီး ၂၀၁၅ခုနှစ်မှစ၍ ဓာတ်ပုံမှတဆင့် ကမ္ဘာ့နေရာအသီးသီးမှအနာဂတ်၏နောင်လာနောင်သားများဖြစ်သောကျောင်းသားများအား ခင်မင်ရင်းနှီးမှုရရှိစေရန်၊ထိုမှတဆင့် ကမ္ဘာ့ငြိမ်းချမ်းရေးကိုရေရှည်တွေးကာ နိုင်ငံတကာအထက်တန်းကျောင်းသားဓာတ်ပုံဖလှယ်ပွဲအား ကျင်းပလျှက်ရှိသည်။
ဟီဂါရှီခါဝါမြို့နှင့်ရင်းနှီးဆက်သွယ်မှုရှိသောနိုင်ငံနှင့်ဒေသများရှိအထက်တန်းကျောင်းအား သတ်မှတ်ထားသောခေါင်းစဉ်အောက်တွင်ဝင်ရောက်ယှဉ်ပြိုင်စေပြီး ဇကာတင်အဆင့်အောင်မြင်သွားသောကျောင်းသားများအား မြို့သို့ဖိတ်ခေါ်၍ဓာတ်ပုံမှတဆင့် နိုင်ငံတကာယဉ်ကျေးမှုဖလှယ်သောအစီအစဉ်များအား ပြုလုပ်သွားမည်ဖြစ်သည်။

※ နိုင်ငံ၊ ဒေသနှင့်မြို့နယ်များအား ပွဲစီစဉ်ကြီးကြပ်သူများမှရွေးချယ်သည်။

※၂၀၂၅ ခုနှစ် ဖိတ်ကြားမည့်နိုင်ငံများသည်★သင်္ကေတ/ နှစ်စဉ်ပါဝင်မည့်နိုင်ငံများ◎သင်္ကေတဖြစ်သည်။

| Area | Country / Region | City / Country / Town | 2025 Invited Countries |
|---|---|---|---|
| Asia (12 Countries & Regions) | ★◎China | Beijing/ Xiamen | ★နိုင်ငံ ၁၀ နိုင်ငံဖိတ်ခေါ်မည် |
| | ★South Korea | Yeongwol | |
| | ★◎Taiwan | All unit | |
| | ★◎Thailand | | |
| | ★◎Vietnam | | |
| | ★◎Uzbekistan | Tashkent | |
| | ★◎Indonesia | | |
| | ★Myanmar | Yangon | |
| | Malaysia | Kuala Lumpur | |
| | ★◎Mongolia | Ulaanbaatar | |
| | ★◎Laos | | |
| | Singapore | | |
| Europe (6 Countries & Regions) | ★Latvia | Valmiera area | ★နိုင်ငံ ၃ နိုင်ငံ ဖိတ်ခေါ်မည် |
| | Finland | Kangasala | |
| | Russia | Aniva | |
| | ★France | | |
| | ★Luxembourg | Luxembourg | |
| | Ireland | | |
| North & South | ★◎Australia | Canberra | |

| | | | |
|---|---|---|---|
| America, Oceania (4 Countries & Regions) | ★Canada | Canmore | နိုင်ငံ ၂ နိုင်ငံဖိတ်ခေါ်မည် |
| | USA | New York | |
| | Colombia | Boyaca | |

※အထက်ဖော်ပြပါ နိုင်ငံဒေသများမှကျောင်းများသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရှိသည်။

※နိုင်ငံနှင့်ဒေသအသီးသီးရှိတာဝန်ခံများအပေါ်မူတည်၍ကျောင်းရွေးချယ်သည့်ပုံများမှာမတူညီသဖြင့် သက်ဆိုင်ရာတာဝန်ခံများထံသို့ တိုက်ရိုက်စုံစမ်းမေးမြန်းရန်။

※ဖိတ်ကြားခြင်းမရှိသည့်နှစ်တွင် ပါဝင်ယှဉ်ပြိုင်ရန်ဆန္ဒရှိပါက မိမိကိုယ်ပိုင်စရိတ်ဖြင့်ပါဝင်နိုင်မည်ဖြစ်သည်။ အစဟိခါဝါ လေဆိပ်ဆိုက်ရောက်ပြီးနောက် သွားလာရေးနှင့်တည်းခိုမှုဆိုင်ရာပံ့ပိုးမှုများကို ဟိဂါရှိခါဝါမြို့မှတာဝန်ယူကူညီပေးမည်ဖြစ်သော်လည်း အစဟိခါဝါလေဆိပ်အထိခရီးသွားကုန်ကျစရိတ်များသည် ပါဝင်လိုသည့်နိုင်ငံ၏တာဝန်ဖြစ်သည်။

## (၁၀)ကြိမ်မြောက်နိုင်ငံတကာအထက်တန်းကျောင်းသားဓာတ်ပုံဖလှယ်ပွဲလျှောက်ခြင်း

A **လိုအပ်သောအရည်အချင်း**

○ နိုင်ငံနှင့်ဒေသအသီးသီးရှိအထက်တန်းကျောင်းများမှကျောင်းသား ၃ ဦး က အဖွဲ့ဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ (ဂျပန်နိုင်ငံ၏အထက်တန်းကျောင်းပညာသင်နှစ်နှင့်ညီမျှသောပညာအရည်အချင်းရှိရမည်)

・တက်ရောက်နေသောကျောင်းမှ တာဝန်ခံဆရာ တစ်ဦး ပါ ဖလှယ်ပွဲတွင်ပါဝင်ရမည်ဖြစ်သည်။

・ကျောင်းတစ်ကျောင်းမှ အဖွဲ့တစ်ဖွဲ့၊ အဖွဲ့လိုက်ပုံ တစ်စုံ(၆ပုံ) သာ လျှောက်ထားနိုင်သည်။

○ ဓာတ်ပုံနှင့် နိုင်ငံတကာဆက်ဆံရေးတွင် စိတ်ဝင်စားသောကျောင်းသားဖြစ်ရမည်။

B **ဓာတ်ပုံခေါင်းစဉ် -【ဒေသ၏ဆွဲဆောင်မှု】**

C **စည်းမျဉ်းစည်းကမ်းများနှင့်ကန့်သတ်ချက်များ**

(၁) Digitalဓာတ်ပုံဖြစ်ရမည်။

(၂) အခြားဓာတ်ပုံပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ထားခြင်းမရှိသောဓာတ်ပုံများဖြစ်ရမည်။
(ကျောင်းကရွေးချယ်ခံရပြီးဖြစ်သော်လည်း ပွဲစီစဉ်ကြီးကြပ်သူများကလျှောက်လွှာတင်ထားသောပုံများထဲမှတစ်ပုံဖြစ်စေ၊အခြားပုံများနှင့်တူညီသည်ဟုဆုံးဖြတ်ပါက ပြိုင်ပွဲမှထွက်ခွာရမည်ဖြစ်သည်။)

(၃) ကျောင်းတစ်ကျောင်းမှကိုယ်စားပြုအဖွဲ့တစ်ဖွဲ့သာ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(၄) ပြိုင်ပွဲဝင်ဓာတ်ပုံ ၆ ပုံကို အဖွဲ့လိုက်ပုံ တစ်စုံဟု မှတ်ယူမည်။

(၅) ဓာတ်ပုံမှာRGB mood နှင့်JPEG file ဖြစ်ပြီး ဆိုဒ် 1024 pixelနှင့် resolution 72ppi ကျော်ရမည်ဖြစ်သည်။

(၆) လျှောက်လွှာဓာတ်ပုံများကိုအီးမေးလ်ဖြင့်သာပေးပို့လျှောက်ထားရမည်။အီးမေးလ်ကို ရုံးခန်းနှင့် Coordinator နှစ်ဖက်စလုံးဆီသို့ပေးပို့ရမည်။ အကယ်၍ဖိုင်ဆိုဒ်ကြီးခဲ့လျှင် online storage service ဖြင့်ပေးပို့ရမည်။

(၇) လျှောက်လွှာတင်သည့်ဓာတ်ပုံများကို သတ်မှတ်ထားသောခေါင်းစဉ်အလိုက် နံပါတ်စဉ်တပ်၍ပေးပို့ရမည်။

(၈) ကျောင်းအုပ်ထံမှအသိအမှတ်ပြုလက်မှတ်ကိုရယူပြီးလျှောက်လွှာတွင်အကွက်ကျော်လွန်ခြင်းမရှိအောင်ပြည့်စုံစွာဖြည့်စွက်ကာ PDF fileသို့ပြောင်း၍ ဓာတ်ပုံများနှင့်အတူအီးမေးလ်ဖြင့်ပေးပို့လျှောက်ထားရမည်။

(၉) လျှောက်လွှာတင်ထားသောဓာတ်ပုံများကို ပွဲစီစဉ်ကြီးကြပ်သူများက ပြပွဲများ၊ပုံနှိပ်ထုတ်ဝေခြင်းများ၊ဝက်ဆိုဒ်များတွင် အခမဲ့အသုံးပြုခွင့်ရှိသည်။

D **လျှောက်လွှာပိတ်ရက် - ၂၀၂၅ ခုနှစ် မေလ ၃၀ရက် (သောကြာ) ညနေ ၅ နာရီ မတိုင်ခင် (ဂျပန်စံတော်ချိန်)**

E **လျှောက်လွှာတင်ရမည့်အီးမေးလ်လိပ်စာ**

ရုံးခန်းအီးမေးလ်လိပ်စာ - kouryu@town.higashikawa.hokkaido.jp 　　 တာဝန်ခံအီးမေးလ်လိပ်စာ - zawmin.li@gmail.com (ဦးဇော်မင်း)

※ လျှောက်လွှာတင်ရာ၌ "နိုင်ငံတကာအထက်တန်းကျောင်းသားဓာတ်ပုံဖလှယ်ပွဲလျှောက်လွှာ"ဟုခေါင်းစဉ်တပ်၍ ရုံးခန်းနှင့်တာဝန်ခံနှစ်ဖက်စလုံးသို့ ပေးပို့ရမည်။

※ လျှောက်လွှာတင်ပြီးနောက် ရုံးခန်းမှလျှောက်လွှာအားလက်ခံရရှိကြောင်းအီးမေးလ်ပြန်လည်ပေးပို့မည်ဖြစ်သဖြင့် spam mailထဲသို့မရောက်စေရန်သတိပြုရမည်။

F **ဓာတ်ပုံများအားစစ်ဆေးအကဲဖြတ်ခြင်း**

လျှောက်လွှာတင်ထားသောဓာတ်ပုံများကို ကျွမ်းကျင်အကဲဖြတ်ဒိုင် ၃ ဦးမှနိုင်ငံနှင့်ဒေသအလိုက် စစ်ဆေး၍လက်ရွေးစင်ကျောင်းကိုဆုံးဖြတ်မည်။

※အခြေအနေများအရ တချို့နိုင်ငံနှင့်ဒေသများ၏တာဝန်ခံများက လက်ရွေးစင်ကျောင်းကိုရွေးချယ်မည်ဖြစ်သည်။

G **စစ်ဆေးခြင်းရလဒ်များအားကြေညာခြင်း**

(၁) ဇကာတင်အဆင့်အား ဇွန်လကုန်လောက်တွင်စစ်ဆေးဆုံးဖြတ်သွားမည်။

( ၂ )  ဇကာတင်အဆင့်အောင်မြင်သွားသောကျောင်းများအား ဇူလိုင်လလယ်လောက်တွင် Home Page၌ကြေညာမည့်အပြင် ကျောင်းသို့တိုက်ရိုက်ဆက်သွယ်မည်ဖြစ်သည်။

( ၃ ) ဇကာတင်အဆင့်အောင်မြင်သွားသောကျောင်းအား ဆုလက်မှတ်နှင့်ဒိုင်းလွှာအားချီးမြှင့်ပေးအပ်သွားမည်။

( ၄ ) ဇကာတင်အဆင့်ကျောင်းများမှလျှောက်ထားသောဓာတ်ပုံများအား ဖလှယ်ပွဲကာလစဉ်အတွင်း ပွဲကျင်းပရာနေရာ၌ခင်းကျင်းပြသထားမည်ဖြစ်သည်။

## နိုင်ငံတကာအထက်တန်းကျောင်းသားဓာတ်ပုံဖလှယ်ပွဲကျင်းပခြင်းအစီအစဉ်

### A　**အကြောင်းအရာ**

နိုင်ငံတကာမှဇကာတင်အဆင့်အောင်မြင်သွားသောကျောင်းများ(ဂျပန်နိုင်ငံတွင်းအပါအဝင်)က ဟော့ကိုင်းဒိုးရှိဓာတ်ပုံမြို့ ဟီဂါရှီခါဝါမြို့သို့လာရောက်၍မြို့ရှိသဘာဝရှုခင်းနေရာများသို့သွားရောက်၍ဓာတ်ပုံရိုက်ရပါမည်။ ဓာတ်ပုံရိုက်ရမည့်ခေါင်းစဉ်အပေါ်မူတည်ပြီး သတ်မှတ်ထားသည့်ဓာတ်ပုံရိုက်ရမည့်နေရာ၊ အချိန်အပေါ်မူတည်၍ ဓာတ်ပုံရိုက်ကူးခြင်း၊ဓာတ်ပုံရွေးခြင်း၊ဓာတ်ပုံတင်ပြရန်ပြင်ဆင်ခြင်း၊ ဓာတ်ပုံခေါင်းစဉ်ပါဝင်သောအဖွဲ့ဓာတ်ပုံ ၆ ပုံနှင့် တစ်ဦးချင်းဓာတ်ပုံ ၁ပုံစီကိုတင်ပြရပါမည်။

※ ဖလှယ်ပွဲအကြောင်းအရာများသည် ရုတ်ချည်းပြောင်းလဲသွားနိုင်သည့်အခြေအနေများလည်းရှိသည်။

### B　**ဖိတ်ခေါ်မည့်ကာလနှင့်ပွဲကြာမြင့်ချိန်**

၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၈ ရက် (တနင်္လာ) မှ ၂၄ ရက် (တနင်္ဂနွေ)　 { ပွဲကြာမြင့်ချိန်  -  ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၉ ရက် (အင်္ဂါ) မှ ၂၃ ရက် (စနေ) }

### C　**ကျင်းပမည့်နေရာ**

( ၁ ) Higashikawa Culture Exchange Center , Centpure　I

( ၂ ) ဟီဂါရှီခါဝါမြို့ရှိသဘာဝရှုခင်းနေရာများ

### D　**ဖလှယ်ပွဲအစီအစဉ်များ**

**8 /18 (Mon)**　■ ဟီဂါရှီခါဝါမြို့သို့ရောက်ရှိခြင်း

**8 / 19 (Tue)**　■ အဖွဲ့လိုက်ဓာတ်ပုံရိုက်ခြင်း ■ ရိုက်ကူးရေးကိရိယာငှားရမ်းခြင်း ■ ဖွင့်ပွဲ ■ ဂျပန်ဘာသာလေ့လာခြင်း ■ ရှင်းလင်းပွဲ ■ ကြိုဆိုညစာစားပွဲ

**8 / 20 (Wed)**　■ ဓာတ်ပုံရိုက်ခြင်း (၁) ■ ဓာတ်ပုံရိုက်ခြင်း (၂) ■ ဓာတ်ပုံရိုက်ခြင်း (၃) ■ ဂျပန်ယဉ်ကျေးမှုဖလှယ်ခြင်း

**8 / 21 (Thu)**　■ ဓာတ်ပုံရွေးခြင်း (၁) ■ ဓာတ်ပုံရိုက်ခြင်း (၄) ■ အကဲဖြတ်ဒိုင်များမှမှတ်ချက်ပေးခြင်း

**8 / 22 (Fri)**　■ ဓာတ်ပုံရိုက်ခြင်း (၅) ■ ဓာတ်ပုံရွေးခြင်း (၂) ၊ ဓာတ်ပုံတင်ပြခြင်း ■ အွန်လိုင်းမဲပေးခြင်း ■ ရုပ်ရှင်ကြည့်ခြင်း ■ ငှားရမ်းပစ္စည်းများပြန်အပ်ခြင်း ■ မဲပေးခြင်း ■ မြို့ပြင်လေ့လာရေး

**8 / 23 (Sat)**　■ ဆုပေးပွဲနှင့်ပိတ်ပွဲ ■ နိုင်ငံတကာယဉ်ကျေးမှုဖလှယ်ခြင်း

**8 / 24 (Sun)**　■ မြို့မှထွက်ခွာခြင်း

### E　**အကဲဖြတ်ဒိုင်များ**

နိုင်ငံတကာမှအကဲဖြတ်ဒိုင် ၂ ဦးနှင့် ဂျပန်နိုင်ငံမှအကဲဖြတ်ဒိုင် ၃ ဦး (ပေါင်း ၅ ဦး)တို့မှ ဓာတ်ပုံများကိုစစ်ဆေးအကဲဖြတ်သွားမည်ဖြစ်သည်။

### F　**ချီးမြှင့်ပေးအပ်မည့်ဆုများ**

| **ဖလှယ်ပွဲဆု** | **အဖွဲ့လိုက်** | **တစ်ဦးချင်း** | **အကြောင်းအရာ** |
|---|---|---|---|
| ဓာတ်ပုံမြို့တော် ဟီဂါရှီခါဝါမြို့ဆု ( ရွှေ ) | ၁ ကျောင်း | ၁ ဦး | ဆုလက်မှတ်နှင့်အပိုဆု |
| ဟီဂါရှီခါဝါမြို့ခရီးသွားအဖွဲ့အစည်းဆု ( ငွေ ) | ၁ ကျောင်း | ၁ ဦး | ဆုလက်မှတ်နှင့်အပိုဆု |
| ဟီဂါရှီခါဝါနိုင်ငံတကာယဉ်ကျေးမှုစုံရာလူမှုဖူလုံရေး သက်မွေးကျောင်း ( ကြေး ) | ၁ ကျောင်း | ၁ ဦး | ဆုလက်မှတ်နှင့်အပိုဆု |
| ထူးချွန်ဆု<br>※စပွန်ဆာကုမ္ပဏီများမှချီးမြှင့်ပေးအပ်သည် | ၁ ကျောင်း | | ဆုလက်မှတ်နှင့်အပိုဆု |
| ပြိုင်ပွဲဝင်နှင့်တာဝန်ခံဆရာများမှရွေးချယ်သည့် ဆု | ၁ ကျောင်း | ၁ ဦး | အပိုဆု |

| | | | |
|---|---|---|---|
| အထူးဆု (အင်တာနက်မှမဲပေးခြင်း) | ၁ ကျောင်း | ၁ ဦး | အပိုဆု |

## G အင်တာနက်မှမဲပေးနိုင်သည့်ရက်

တစ်ကမ္ဘာလုံးမှ မည်သူမဆို ဖလှယ်ပွဲဆု (အထူးရွေးချယ်ဆု) အား အောက်ဖော်ပြပါရက်စွဲအတိုင်း မဲပေးနိုင်သည်။
ဓာတ်ပုံလက်ရာအားမဲပေးနိုင်သည့်ရက် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၂ရက် (သောကြာ) ညနေ ၅နာရီ မှ ၂၃ရက် (စနေ) မနက်၁၀နာရီအထိ (ဂျပန်စံတော်ချိန်)

## H ကုန်ကျစရိတ် (ဖိတ်ကြားခံရသည့်နိုင်ငံ)

လက်ရွေးစင်ကျောင်းမှ ကျောင်းသား ၃ ဦး နှင့် တာဝန်ခံ ၁ ဦးတို့၏ လေယာဉ်အသွားအပြန်စရိတ်နှင့်ဖလှယ်ပွဲကာလအတွင်းကုန်ကျစရိတ်များ (တည်းခိုခနှင့်စားသောက်စရိတ်)အား ပွဲစီစဉ်ကြီးကြပ်သူများမှ တာဝန်ယူသွားမည်ဖြစ်သည်။
※ မိမိနေထိုင်ရာနေရာဒေသမှ လေဆိပ်သို့သွားရောက်ရာ၌ကုန်ကျစရိတ်နှင့်ဖလှယ်ပွဲမတိုင်ခင်စားသောက်စရိတ်များသည်မိမိတာဝန်သာဖြစ်သည်။
※ ဖလှယ်ပွဲသို့လာရောက်ရာ၌ မဖြစ်မနေကုန်ကျသည့်တည်းခိုခနှင့်စားသောက်စရိတ်များကိုသာ ပွဲစီစဉ်ကြီးကြပ်သူများကတာဝန်ယူမည်ဖြစ်သည်။

## I ဓာတ်ပုံရိုက်ကူးရာတွင်သတိပြုစရာများ

- ပြိုင်ပွဲကာလအတွင်း ဓာတ်ပုံရိုက်ကူးရာတွင် ဒရုန်းအသုံးပြု၍မရပါ။
- Camera Setting နှင့်ပတ်သက်၍ သတ်မှတ်ထားခြင်းမရှိပါ။
- ဓာတ်ပုံအထားအသိုနှင့်ပတ်သက်၍ ပုံစံသတ်မှတ်ထားခြင်းမရှိပါ။ (သို့သော် အွန်လိုင်းမဲပေးရန်အတွက် အင်တာနက်စာမျက်နှာတွင် ဝက်ဘ်ဆိုဒ်၏သတ်မှတ်ထားသောပုံစံဖြင့်သာပေါ်မည်ဖြစ်သည်။

## J အခြားအကြောင်းအရာများ

(၁) ပွဲကျင်းပမည့်ကာလအတွင်း ဟီဂါရှီခါဝါမြို့ရှိအဆောက်အအုံများတိုင်း၌ဝိုင်ဖိုင်ရှိသော်လည်း မြို့အပြင်အခြားနေရာများ၌ အင်တာနက်အသုံးပြုလိုပါက နိုင်ငံရပ်ခြား၌အသုံးပြုနိုင်သောဆင်းမ်ကတ်(သို့) အိတ်ဆောင်ဝိုင်ဖိုင်များ၊အင်တာနက်ဝန်ဆောင်မှုများကို ကြိုတင်ဝယ်ယူထားရန်လိုအပ်သည်။
(၂) ဟီဂါရှီခါဝါမြို့၌နေထိုင်စဉ်ကာလအတွင်း သက်ဆိုင်ရာနိုင်ငံအလိုက် မိခင်ဘာသာစကားပြောနိုင်သောဘာသာပြန်များအား ထားရှိပေးမည်ဖြစ်သည်။ သို့သော် ပါဝင်မည့်နိုင်ငံအားလုံးအတွက် ပြင်ဆင်ပေးထားနိုင်မည်မဟုတ်သည်ကိုသတိပြုရမည်။














# နိုင်ငံတကာအထက်တန်းကျောင်းသားဓာတ်ပုံဖလှယ်ပွဲ လျှောက်လွှာ

| | | | | |
|---|---|---|---|---|
| ကျောင်းအမည် | ( မိခင်ဘာသာ )<br>( အင်္ဂလိပ်စာဖြင့် ) | | | |
| ကျောင်းအုပ်အမည်<br>(ကိုယ်တိုင်လက်မှတ်ထိုးရန်) | | ကျောင်းမှဖလှယ်ပွဲ၌ဝင်ရောက်ယှဉ်ပြိုင်ရန်<br>□ ခွင့်ပြုပါသည် □ ခွင့်မပြုပါ<br>※အကွက်၌အမှန်ခြစ်ခြစ်ရန် | | |
| ကျောင်းလိပ်စာ | 〒<br>TEL : ( ) —<br>FAX : ( ) —<br>E-mail : @ | | | |
| တာဝန်ခံ<br>( ကျား / မ )<br>※အဝိုင်းဝိုင်းရန် | အမည် | ( မိခင်ဘာသာ )<br>( အင်္ဂလိပ်စာဖြင့် ) | | |
| | တီရှပ်ဆိုဒ် | □ S □ M □ L<br>□ LL □ (အခြား) | အလက်ဂျစ်ရှိလျှင် | |
| | အီးမေးလ် | | | |
| ကျောင်းသား( ၁ )<br>( ) တန်း<br>( ကျား / မ )<br>※အဝိုင်းဝိုင်းရန် | အမည် | ( မိခင်ဘာသာ )<br>( အင်္ဂလိပ်စာဖြင့် ) | | |
| | တီရှပ်ဆိုဒ် | □ S □ M □ L<br>□ LL □ (အခြား) | အလက်ဂျစ်ရှိလျှင် | |
| | ရုံးခန်းမှ ရိုက်ကူးရေးပစ္စည်းများအား ငှားရမ်းလိုပါသည် | □ လိုပါသည် □ မလိုအပ်ပါ<br>※အကွက်၌အမှန်ခြစ်ခြစ်ရန်<br>※မလိုအပ်ပါကညာဘက်အကွက်ပါဖြည့်စွက်ရန် | မိမိကိုယ်ပိုင်ရိုက်ကူးရေး ပစ္စည်းများ | □ Camera ( )<br>□ Media ( )<br>□ Card reader ( ) |
| ကျောင်းသား( ၂ )<br>( ) တန်း<br>( ကျား / မ )<br>※အဝိုင်းဝိုင်းရန် | အမည် | ( မိခင်ဘာသာ )<br>( အင်္ဂလိပ်စာဖြင့် ) | | |
| | တီရှပ်ဆိုဒ် | □ S □ M □ L<br>□ LL □ (အခြား) | အလက်ဂျစ်ရှိလျှင် | |
| | ရုံးခန်းမှ ရိုက်ကူးရေးပစ္စည်းများအား ငှားရမ်းလိုပါသည် | □ လိုပါသည် □ မလိုအပ်ပါ<br>※အကွက်၌အမှန်ခြစ်ခြစ်ရန်<br>※မလိုအပ်ပါကညာဘက်အကွက်ပါဖြည့်စွက်ရန် | မိမိကိုယ်ပိုင်ရိုက်ကူးရေး ပစ္စည်းများ | □ Camera ( )<br>□ Media ( )<br>□ Card reader ( ) |
| ကျောင်းသား( ၃ )<br>( ) တန်း<br>( ကျား / မ )<br>※အဝိုင်းဝိုင်းရန် | အမည် | ( မိခင်ဘာသာ )<br>( အင်္ဂလိပ်စာဖြင့် ) | | |
| | တီရှပ်ဆိုဒ် | □ S □ M □ L<br>□ LL □ (အခြား) | အလက်ဂျစ်ရှိလျှင် | |
| | ရုံးခန်းမှ ရိုက်ကူးရေးပစ္စည်းများအား ငှားရမ်းလိုပါသည် | □ လိုပါသည် □ မလိုအပ်ပါ<br>※အကွက်၌အမှန်ခြစ်ခြစ်ရန်<br>※မလိုအပ်ပါကညာဘက်အကွက်ပါဖြည့်စွက်ရန် | မိမိကိုယ်ပိုင်ရိုက်ကူးရေး ပစ္စည်းများ | □ Camera ( )<br>□ Media ( )<br>□ Card reader ( ) |

ကျောင်းအုပ်ကြီးတံဆိပ်

| | |
|---|---|
| ဓာတ်ပုံခေါင်းစဉ် | ( မိခင်ဘာသာ )<br><br>( အင်္ဂလိပ်စာဖြင့် ) |
| ဓာတ်ပုံအရေအတွက် | ၆ ပုံ ※ ဒေသ၏ဆွဲဆောင်မှု ကို ခေါင်းစဉ်ထားပြီးရိုက်ကူးရန် |
| ဓာတ်ပုံအမျိုးအစား | ၁ ။ အဖြူအမဲ ၂ ။ ကာလာ ၃ ။ အဖြူအမဲနှင့်ကာလာအရော ※အဝိုင်းဝိုင်း၍ရွေးချယ်ရန် |

**ပေးပို့ချင်သောမက်ဆေ့ချ်** ( ဓာတ်ပုံတစ်ပုံခြင်းစီ၏ခေါင်းစဉ်နှင့်နာမည်၊ရှင်းပြချက်များအား အောက်ပါအကွက်၌ရေးသားရန် )

※ ၁ ။ လိုအပ်သောအချက်များအားဖြည့်စွက်ရာတွင်အကွက်ကျော်လွန်ခြင်းမရှိစေရန်။
※ ၂ ။ ကျောင်းအုပ်ကိုယ်တိုင်လက်မှတ်ထိုးရမည်ဖြစ်ပြီးကျောင်းအုပ်လက်မှတ်မပါကဖလှယ်ပွဲ၌ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်။
※ ၃ ။ လက်ရွေးစင်အဆင့်ကျောင်းများအားပွဲ၌ဝတ်ဆင်ရန်တီရှပ်အင်္ကျီကိုပေးမည်ဖြစ်သောကြောင့်မိမိဆိုဒ်ကိုမှန်ကန်စွာဖြည့်စွက်ရမည်။
※ ၄ ။ ပွဲပါဝင်သူများအားလုံး၏ကိုယ်ရေးကိုယ်တာအချက်အလက်များအားပွဲအတွက်သာအသုံးပြုမည်ဖြစ်ပြီးအခြားသူတပါးထံပေါက်ကြားခြင်းမရှိစေရန်တာဝန်ယူသည်။
※ ၅ ။ မိမိကိုယ်ပိုင်ရိုက်ကူးရေးကိရိယာများအားမယူဆောင်လာပါကရုံးခန်းမှငှားရမ်းအသုံးပြုနိုင်သည်။
※ ၆ ။ အစားအစာအလက်ဂျစ်နှင့်မတည့်သောအရာများ၊ဘာသာရေးအရမစားသုံးနိုင်သောအရာများရှိပါက မပျက်မကွက်ဖြည့်စွက်ရမည်။ဖလှယ်ပွဲကာလအတွင်းရုံးခန်းမှထိုအရာများကိုဖယ်၍စီစဉ်ပေးမည်။
※ ၇ ။ တာဝန်ခံ ၊ ကျောင်းသား (၁) ၊ ( ၂ ) ၊ ( ၃ ) အားလုံးကဖလှယ်ပွဲ၌ပါဝင်မည်ဟုဖြည့်စွက်ရမည်။

| 国・地域 | 都市・郡・町 | エントリー番号 |
|---|---|---|
| | | |

**※အထက်ပါအကွက်အားဖြည့်စွက်ရန်မလိုပါ။**